ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၄.၁၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန် အစည်းအဝေး(၃၄)ရက်မြောက်နေ့ ၁-၆-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)နှင့် ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသူ(၂)ဦး ဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း သောက်ရေခပ် ရေအားလျှပ်စစ် ထုတ်လုပ်ရေး လုပ်ကိုင်ခဲ့ရာတွင် ပလက်ဝချောင်းကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် ရေနစ်မြုပ်ခဲ့ပြီး ယနေ့တိုင် ပြန်လည် ဆောက်လုပ်ပေးခြင်း မရှိသဖြင့် ပြည်သူများသွားလာ ဆက်သွယ်ရေး အခက်အခဲများ ရှိနေသည့်အတွက် အရေးတကြီး အမြန်လိုအပ်လျက်ရှိသော ပလက်ဝတံတားကို သတ်မှတ်ချိန်အတွင်း ဆောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း သောက်ရေခပ်ရေအား လျှပ်စစ်ထုတ်လုပ်ရေး လုပ်ကိုင်ခဲ့ရာတွင် ပလက်ဝချောင်းကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် ရေနစ် မြုပ်ခဲ့ပြီး ယနေ့တိုင် ပြန်လည်ဆောက်လုပ်ပေးခြင်း မရှိသဖြင့် ပြည်သူများ သွားလာဆက်သွယ်ရေး အခက်အခဲများ ရှိနေသည့်အတွက် အရေးတကြီး အမြန်လိုအပ်လျက်ရှိသော ပလက်ဝတံတားကို သတ်မှတ်ချိန်အတွင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း သောက်ရေခပ်(၂) ရေအားလျှပ်စစ် ထုတ်လုပ်ရေး လုပ်ကိုင်ခဲ့တဲ့နေရာမှာ ပလက်ဝချောင်းကူးတံတားဟာ ၂၀၁၁ ခုနှစ်မှာ ရေနစ်မြုပ်ခဲ့ပြီး ယနေ့တိုင်


ပြန်လည်ဆောက်လုပ်ပေးခြင်းမရှိတဲ့အတွက် ပြည်သူတွေ သွားလာရေး၊ ဆက်သွယ်ရေး အခက်အခဲများ ရှိနေရတဲ့အပေါ် အရေးတကြီး အမြန်လိုအပ်လျက်ရှိတဲ့ ပလက်ဝတံတားကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ မေးခွန်းနဲ့ ပတ်သက်ပြီး Power Point နဲ့ ရှင်းလင်းတင်ပြသွားပါမယ်။

သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ရွှေစွမ်းအင်ကုမ္ပဏီတို့ စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ပြီးတဲ့နောက်၊ ၂၀၁၁ ခုနှစ်မှာ သောက်ရေခပ်ချောင်း ဆက်စပ်မြေများစွာနဲ့အတူ ပလက်ဝချောင်းကူးတံတားဟာ နစ်မြုပ်ခဲ့ပါတယ်။ ဒါကြောင့် သံတောင်ကြီးမြို့နယ် ဘောဂလိဒေသနဲ့ ရွာပေါင်း(၄၀)ကျော်ဟာ သွားလာဆက်သွယ်ရေး ပြတ်တောက်ခဲ့ရပါတယ်။ ကုမ္ပဏီရဲ့ အစီအစဉ်နဲ့ ဇက်ငယ်(၂)စီး၊ ကူးတို့တွေနဲ့အတူ ကူးသန်းသွားလာခဲ့ရတာ ယနေ့တိုင်ဖြစ်ပါတယ်။ ကား၊ ဆိုင်ကယ်၊ လူ ရေထဲထိုးကျတဲ့ မတော်တဆဖြစ်မှုတွေ၊ သာရေး၊ နာရေးအတွက် အချိန်မီမသွားလာနိုင်ဘဲ စောင့်ဆိုင်းခဲ့ရတာတွေ၊ ညရေးညတာသွားလာဖို့ အခက်အခဲတွေ၊ စိုက်ပျိုးသီးနှံကုန်စည်တွေ၊ ပို့ဆောင်ဖို့အခက်အခဲတွေ၊ အဲဒီအပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများစွာကို ပြည်သူတို့ တွေ့ကြုံနေရဆဲဖြစ်ပါတယ်။ ဒေသခံပြည်သူတွေဘက်ကလည်း တံတားရရှိရေးအတွက် အုပ်ချုပ်ရေးအဆင့်ဆင့်ကို တင်ပြတောင်းဆိုခဲ့သလို ဆုတောင်းဝတ်ပြု ဆန္ဒဖော်ထုတ်မှုတွေလည်း ရှိခဲ့ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ရွှေစွမ်းအင်ကုမ္ပဏီဟာ ကရင်ပြည်နယ်အစိုးရအဖွဲ့သစ်ဆီကို ၂၀၁၅ ကနေ ၂၀၁၇ အထိ အဆိုပြုတံတားပုံစံနဲ့ Construction Project Schedule ကို သွားရောက်ရှင်းလင်း တင်ပြခဲ့ပြီးတဲ့နောက် Foundation Construction အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ အကူအညီရယူနိုင်ဖို့ လမ်းညွှန်ဆောင်ရွက်စေခဲ့ကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ ပလက်ဝတံတားနဲ့ပတ်သက်ပြီးတဲ့နောက် ကာလကြာမြင့်စွာ တာဝန်ယူမှုမရှိခဲ့ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်မှုမရှိခဲ့ခြင်း၊ ယနေ့တိုင် လုပ်ငန်းများကို ထင်သာမြင်သာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက် အရေးတကြီး အမြန်လိုအပ်လျက်ရှိတဲ့ ပလက်ဝတံတားကို သတ်မှတ်ထားတဲ့အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

လျှပ်စစ်စီမံကိန်းကြောင့် ပလက်ဝတံတား နစ်မြုပ်သွားပုံ (ဆ)

လျှပ်စစ်စီမံကိန်းကြောင့် ပလက်ဝတံတား နစ်မြုပ်သွားပုံ




ဇက်ငယ် နှစ်စီး ဖြင့် ကူးသန်းရပုံ (ဆ-၁)



ဒေသခံတို့၏ တောင်းဆိုမှုများပုံ (ဆ-၂)




Project Schedule ၏ ဇယားပုံ (ဆ-၃)

Thaukyegat Platwa Bridge Construction Project Schedule

| No. | Name | Const ; Days | Start Date | End Date |
|---|---|---|---|---|
| 1 | **Platwa Bridge Construction Project** | **912** | **01/01/2015** | **30/06/2017** |
| 2 | Surveying & Mapping of Topographic Map | 59 | 01/01/2015 | 28/02/2015 |
| 3 | Preparation & Confirmation Construction Programs | 61 | 01/03/2015 | 30/04/2015 |
| 4 | Site Geological Survey & Soil Test | 61 | 01/05/2015 | 30/06/2015 |
| 5 | Construction Design & Design Recheck | 123 | 01/07/2015 | 31/10/2015 |
| 6 | Construction Preparation | 121 | 01/11/2015 | 29/02/2016 |
| 7 | Foundation & Foundation Cap Construction | 61 | 01/03/2016 | 30/04/2016 |
| 8 | Construction of Bridge Abutment & Bridge Piers | 92 | 01/05/2016 | 31/07/2016 |
| 9 | Upper Structure, Bridge Floor & Road Construction | 304 | 01/08/2016 | 31/05/2017 |
| 10 | Acceptance Project From Contractor and Opening Bric | 30 | 01/06/2017 | 30/06/2017 |

**ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိက အရေးပါသော ကြပ်စင်မြစ်ကူးတံတားကို အမြန်ဆုံး ပြီးစီးအောင် ဆောက်လုပ်ရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေ ပိုမို ချပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြည်ထောင်စုရန်ပုံငွေမှ ထပ်ဆောင်း ပံ့ပိုးငွေချပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိက အရေးပါသော ကြပ်စင်မြစ်ကူးတံတားကို အမြန်ဆုံး ပြီးစီးအောင် ဆောက်လုပ်ရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေ ပိုမိုချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြည်ထောင်စုရန်ပုံငွေမှ ထပ်ဆောင်းပံ့ပိုးငွေ ချထားပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်း သည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)** ။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော် များအားလုံးကို စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိကြပါစေ။ ကျွန်မကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) ရမ်းဗြဲနဲ့ အမ်းမြို့နယ်များမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ ရခိုင်ပြည်နယ် မြေပုံမြို့နှင့် မင်းပြားမြို့နယ်တို့ကို ဆက်သွယ်ရန် ဆောက်လုပ်ထားတဲ့ ကြပ်စင်မြစ်ကူး တံတားဟာ အခုအချိန်မှာ ငွေကြေးရန်ပုံငွေ ပြတ်လပ်သွားတာကြောင့် လုပ်ငန်းရပ်ထားရတဲ့အပေါ်မှာ ဒေသခံပြည်သူများကိုယ်စား တိုက်တွန်းမေးမြန်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အချိန်မလုံလောက်ခဲ့ပါက အချိန် ထပ်တိုးပေးဖို့နဲ့ တံတားအခြေအနေကို Power Point ဖြင့်တင်ပြပေးပါရန် ကြိုတင်မေတ္တာရပ်ခံ အပ်ပါတယ်ရှင်။

ကြပ်စင် မြစ်ကူးတံတားဟာ ပေအရှည်(၁၉၂၀)ရှိပြီး ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်မှာ စတင်လုပ် ဆောင်ခဲ့ပါတယ်။ တံတားကို ပြည်နယ်ရန်ပုံငွေ သတ်သတ်ဖြင့် ဆောက်လုပ်နေရခြင်း ဖြစ်ပါတယ်။ ပြည်နယ်ရန်ပုံငွေဟာ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်မှာ (၄၉၅.၅၉၆)သန်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်မှာ (၉၃၈.၅၉၁)သန်း ရရှိပြီးတော့၊ ၂၀၁၆ -၂၀၁၇ မှာ ကျပ်သန်း(၅၀၀)ခန့် လျာထားတယ်လို့ သိရပါတယ်။ အခုအချိန်အထိ ချမပေးသေးတဲ့အတွက် ငွေကြေးပြတ်လပ်ကာ တံတားဆောက်လုပ်ရေး ရပ်တန့်မှုများ ရှိနေပါတယ်။ ပြည်နယ်ရန်ပုံငွေမှပေးတဲ့ရန်ပုံငွေ သတ်သတ်ဖြင့် ဆောက်လုပ်မည်ဆိုပါက အချိန်ကာလ အားဖြင့် (၁၀)နှစ်ကျော်ကြာမြင့်၊ ဒီထက်မကလည်း ကြာမြင့်နိုင်တယ်ဆိုပြီးတော့ တာဝန်ခံ ဆောက်လုပ်ရေး အင်ဂျင်နီယာမှ ခန့်မှန်းပြောဆိုတာတွေ သိရပါတယ်။ အဲဒီတံတားဟာ မြေပုံမြို့နဲ့ မင်းပြားမြို့နယ် ပြည်သူများ သွားရေးလာရေး၊ မြေပုံမှထွက်ရှိတဲ့ ငါးပိ၊ ငါးခြောက်၊ ရခိုင်ပြည်နယ်မြို့နယ် အသီးသီးနဲ့ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း ဒေသများသို့ ပို့ဆောင်ရာမှာ အရေးပါတဲ့အပြင်၊ အဲဒီဒေသမှ စားကုန်၊ လူသုံးကုန်၊ အဝတ်အထည်များ သယ်ယူရာမှာလည်း အလွန်အရေးပါတဲ့တံတား ဖြစ်ပါတယ်။


အခုအချိန်အခါမှာ ကြပ်စင်မြစ်ကူးတံတား မရှိတဲ့အတွက် လူ(၁၀၀၀)ခန့်ဟာ နေ့စဉ် ကြပ်စင် မြစ်ကူးတံတားကို ကူးတို့၊ လှေငယ်တို့ဖြင့် သွားလာနေရတာ အလွန်ပဲဒုက္ခရောက်ပြီးတော့ အန္တရာယ်

များပါတယ်။ ဒါကြောင့် ဒေသဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး အတွက်သော်လည်းကောင်း၊ ပြည်သူများခက်ခက်ခဲခဲ သွားလာနေရတဲ့ ဒုက္ခမှ လွတ်မြောက်နိုင်ရန် လည်းကောင်း ကြပ်စင်မြစ်ကူးတံတားကို အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ရန် လိုအပ်နေပါတယ်။ အဲဒီ လိုမျိုး အမြန်ဆုံးပြီးစီးအောင်ဆောက်လုပ်ဖို့ဆိုလို့ရှိရင် ကျွန်မတို့ ပြည်နယ် ရန်ပုံငွေက ချပေးတဲ့ငွေကြေး အပြင် ပြည်ထောင်စုရန်ပုံငွေက ထပ်ဆောင်းပံ့ပိုးရန်လည်း လိုအပ်ပါတယ်။ နှိုင်းယှဉ်ပြီးတော့ ဥပမာ ပြမယ်ဆိုပါက ဧရာဝတီတံတား (ထီးချိုင့်)တံတားဟာ ပေ(၃၀၀၀)ခန့်ရှိပြီးတော့၊ အဲဒီတံတားရဲ့ ဆောက်လုပ်ရာမှာ တိုင်းဒေသကြီးရန်ပုံငွေအပြင် ပြည်ထောင်စုမှ ထပ်ဆောင်းပံ့ပိုးငွေ ရန်ပုံငွေ၊ ငွေကြေး ဖြစ်နေပြီးတော့ အချိန်ကာလ တစ်နှစ်ခွဲခန့် ပြီးစီးခဲ့ပါတယ်။ အလားတူပဲ ညောင်တုန်းမြို့နယ်အနီး ကုက္ကိုဝ တံတားမှာလည်း ပေအရှည်(၂၀၀၀)ကျော်ရှိပြီးတော့ စတင်လုပ်ဆောင်တဲ့အချိန်မှာ ရခိုင်ပြည်နယ်မှ ကြပ်စင်တံတားဆောက်လုပ်တဲ့အချိန်ထက် နောက်ကျပြီးတော့မှ ဆောက်သော်ငြားလည်း အခုချိန်ခါမှာ လုပ်ငန်းက (၈၀)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တယ်လို့သိရပါတယ်။ အဲဒီလိုဖြစ်ရခြင်းမှာ တံတား ဆောက်လုပ် ရာမှာ တိုင်းဒေသကြီးရန်ပုံငွေ........

**ဥက္ကဋ္ဌ**။ ။ (၂)မိနစ် ထပ်ပေးမယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)** ။ ။ ပြည်ထောင်စုရန်ပုံငွေမှလည်း ထပ်ဆောင်း ပေးထားခြင်းကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်မှာ ဆောက်လုပ်နေတဲ့ ကြပ်စင် မြစ်ကူးတံတားကတော့ လုပ်ငန်း(၂၃)ရာခိုင်နှုန်းသာ ပြီးစီးနေပြီး အဲဒီလိုဖြစ်ရခြင်းမှာ ပြည်နယ်ရန်ပုံငွေမှ ချပေးတဲ့ငွေကြေးပမာဏက တံတားအရွယ်အစားနဲ့ နှိုင်းစာဖို့ဆိုလို့ရှိရင်တော့ အလွန်နည်းပါးတယ်။ ပြည်ထောင်စုမှ ထပ်ဆောင်းပံ့ပိုးငွေ မရှိခြင်းကြောင့်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများ၏ နိစ္စဓူဝ သွားလာရေးအခက်အခဲ၊ ကုန်သွယ်မှုလွယ်ကူမြန်ဆန်စေရေး၊ ဒေသဖွံ့ဖြိုးရေးကို ရှေးရှု၍သော်လည်း ကောင်း၊ ရခိုင်ပြည်နယ်ဟာ အဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်ပြီး ကြပ်စင်မြစ်ကူးတံတားဟာလည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါတဲ့ တံတားတစ်ခုဖြစ်တာကြောင့် ကြပ်စင်မြစ်ကူး တံတားကို အမြန်ဆုံး ပြီးစီးအောင်ဆောက်လုပ်ရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေ ပိုမိုချပေးရန် ရှိ/မရှိနဲ့ ပြည်ထောင်စု ရန်ပုံငွေမှတစ်ဆင့် ပံ့ပိုးငွေပေးရန် ရှိ/မရှိ တို့ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

မြေပုံ-မင်းပြားလမ်း ကြပ်စင်တံတား တည်နေရာပြပုံ (၉)



ကြပ်စင်တံတား လုပ်ငန်းပြီးစီးမှု အခြေအနေပြပုံ (၉-၁)



ပြည်သူများ၏ နေ့စဉ်ဘဝအခြေအနေ မြင်ကွင်းပုံ (၉-၂)



**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံးမေးထားတဲ့ ကရင်ပြည်နယ် အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ၏ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း သောက်ရေခပ် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ကိုင်ခဲ့ရာတွင် ပလက်ဝချောင်းကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် ရေနစ်မြုပ်ခဲ့ပြီး ယနေ့တိုင် ပြန်လည်ဆောက်လုပ်ပေးခြင်း မရှိသဖြင့် ပြည်သူများသွားလာဆက်သွယ်ရေး အခက်အခဲများ ရှိနေသည့်အတွက် အရေးတကြီး အမြန်လိုအပ်လျက်ရှိသော ပလက်ဝတံတားကို သတ်မှတ်ချိန်အတွင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း ၂-၅-၂၀၀၈ ခုနှစ်မှစပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုဖြင့် ရွှေစွမ်းအင် ကုမ္ပဏီမှ သောက်ရေခပ် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ကိုင်ခဲ့ရာ ပြည်ထောင်စုလမ်းဖြစ်သော တောင်ငူ-သံတောင်- ဘောဂလိ-မော်ချီးလမ်းပေါ်မှာရှိတဲ့ ပလက်ဝချောင်းကူးတံတားဟာ ၂၀၁၁ ခုနှစ်မှာ

ရေနစ်မြုပ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ပါတယ်။ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ရွှေစွမ်းအင်ကုမ္ပဏီမှ သံတောင်ဘက်ခြမ်းနှင့် ပြောင်သိုဘက်ခြမ်းတို့ အသွား/အပြန် ပွန်တွန်းဇက်ရေယာဉ်ဖြင့် နေ့စဉ် နံနက်(၆း၀၀)မှ ညနေ (၆း၀၀)နာရီအထိ၊ တစ်ရက် လျှင် ပျှမ်းမျှယာဉ်ကြီး(၁၀)စီး၊ ယာဉ်ငယ်(၁၅)စီး၊ ဆိုင်ကယ်(၁၅၀)၊ လူဦးရေ(၃၀၀၀)ခန့်တို့ကို အခမဲ့ သယ်ယူပို့ဆောင်ပေးလျက်ရှိပါတယ်။

မူလ ပလက်ဝချောင်းကူးတံတားမှာဆိုရင် ပေအရှည်(၁၂၀)ရှိ R.P.T သံပေါင်တံတားဖြစ်ပြီး၊ အဆိုပါနေရာမှာ တံတားသစ် ပြန်လည်တည်ဆောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ် စွမ်းအင်ဝန်ကြီးဌာနနှင့် ရွှေစွမ်းအင်ကုမ္ပဏီတို့ ညှိနှိုင်းဆွေးနွေးခဲ့ပြီး၊ ရွှေစွမ်းအင်ကုမ္ပဏီကနေပြီးတော့ ပလက်ဝတံတားအား အရှည်(၂၄၃.၁၆)မီတာ၊ အမြင့် (၃၇.၅)မီတာနှင့် တံတားအကျယ်(၉)မီတာရှိတဲ့ ကြိုတင်အားဖြည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

ပလက်ဝတံတားတည်ဆောက်ရန် မြေစမ်းသပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး၊ တံတား Designနှင့် Drawing တို့ကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင်းကုမ္ပဏီအား အပ်နှံထားပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာ Pre Design များရရှိခဲ့ပြီး၊ Design အရ တံတားနေရာချထားကြည့်ရာ ရေလယ်တိုင်(၂)ခုမှာ ရေစပ်တွင် ကျရောက်သဖြင့် မိုးတွင်းကာလမှာ လုပ်ငန်းဆောင်ရွက်ရန် ခက်ခဲမှာ ဖြစ်တဲ့အတွက် Design ပြန်လည်ညှိနှိုင်းလျက်ရှိပါတယ်။ တံတားဦးစီးဌာနနှင့် ရွှေစွမ်းအင်ကုမ္ပဏီတို့ ၂၆-၅-၂၀၁၆ ရက်မှာ သောက်ရေခပ်(ပလက်ဝ)တံတားတည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးအရ ရွှေစွမ်းအင်ကုမ္ပဏီမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအကုန်မှာ အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝချောင်းကူးတံတားအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်အပြီး တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေစွမ်းအင်ကုမ္ပဏီအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

ဒုတိယမေးထားတဲ့ မေးခွန်းအနေနဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ မှမေးမြန်းထားတဲ့ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိက အရေးပါသော ကြပ်စင်တံတားကို အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေ ပိုမိုချပေးရန် အစီအစဉ်ရှိ/မရှိ နဲ့ ပြည်ထောင်စုရန်ပုံငွေမှ ထပ်ဆောင်းပံ့ပိုးငွေချပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြပ်စင်မြစ်ကူးတံတားဟာ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော မြေပုံ-မင်းပြားလမ်းပေါ်မှာ တည်ရှိပြီးတော့ ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် တည်ဆောက် နေခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြေပုံ-မင်းပြားလမ်း၊ မိုင်တိုင်အမှတ်(၂၂/၄)နှင့် (၂၃/၁)ကြားမှာ တည်ရှိပြီးတော့ အရှည်အားဖြင့်(၁၉၂၀)ပေ ရှိပါတယ်။ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်နဲ့ သံပေါင် တံတားအမျိုးအစားဖြစ်ပြီးတော့ စီမံကိန်းခန့်မှန်းတန်ဖိုးကတော့ ကျပ်ပေါင်း (၁၀၄၀၀)သန်း ဖြစ်ပါတယ်။ ပြည်နယ်ရန်ပုံငွေရရှိမှုက ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျပ်ပေါင်း (၄၉၅.၅၉၆)သန်း၊

၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျပ်ပေါင်း(၉၃၈.၅၉၁)သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ် ၊ ဘဏ္ဍာရေးနှစ်မှာ ကျပ်ပေါင်း သန်း(၅၀၀)၊ စုစုပေါင်း သန်းပေါင်း(၁၉၃၄.၁၈၇)သန်း ရရှိပြီး ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရရှိရန်ပုံငွေ (၁၄၃၄.၁၈၃)သန်းနဲ့ အောက်ခြေ အုတ်မြစ်လုပ်ငန်းတွင် ဘိုးပိုင် (၁၃၂)လုံးရှိသည့်အနက် (၄၈)လုံး၊ တံတားတိုင် (၁၉)တိုင် ရှိသည့်အနက် (၃)တိုင် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တစ်စင်းလုံး၏ ပြီးစီးမှု ရာခိုင်နှုန်းမှာ (၂၃)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ပြည်နယ် ရန်ပုံငွေမှ ကျပ်သန်း(၅၀၀)ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများမှာ မင်းပြားဘက်ကမ်းရှိ ပင်မတံတား၊ ရေလယ်တိုင် (RP3) ၏ Cap & Shaft လုပ်ငန်း ၊ ရေလယ်တိုင် (RP2) ၏ ဘိုးပိုင် (၁၂)လုံး တူးခြင်းလုပ်ငန်း၊ မင်းပြားဘက်ကမ်း ကမ်းကပ်ခုံ A2 Cap & Shaft လုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တံတားများကို အကောင်အထည်ဖော်တည်ဆောက် လျက်ရှိရာတွင်ပြည်ထောင်စုလမ်းပေါ်ရှိ တံတားများအတွက် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး တည်ဆောက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံခန့်ခွဲသော လမ်းများပေါ်ရှိ တံတားများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများတွင် တောင်းခံဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး ပြောကြားတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား (ထီးချိုင့်)ဟာဆိုရင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်သာ လျာထားထည့်သွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီးတော့၊ ကုက္ကိုဝတံတားဟာဖြင့် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းပေါ်ရှိ တံတားဖြစ်တဲ့အတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ရခိုင်ပြည်နယ်တစ်ခုလုံး အတွက် လမ်းနှင့်တံတား ငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၂၅.၅)ဘီလီယံသာ ရရှိခဲ့သဖြင့် ကြပ်စင်တံတား အတွက် ရန်ပုံငွေ ကျပ်သန်း (၅၀၀)သာ ရရှိခဲ့ပါတယ်။ ကြပ်စင်တံတားပြီးစီးသည့်အထိ ထပ်မံလိုအပ် တဲ့ ရန်ပုံငွေဟာဆိုရင် ကျပ်(၈.၄၆)ဘီလီယံ ကျန်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ် အစိုးရနှင့် ညှိနှိုင်းပြီးတော့ ပြည်ထောင်စု ရန်ပုံငွေနှင့် ပြည်နယ် ရန်ပုံငွေနှစ်ရပ်ပေါင်း တင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား

အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင် က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်သို့ ကျွန်တော် တင်သွင်းခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအား ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်မှ အတည်ပြုရန်အဆိုတင်သွင်းထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည် ဖြစ်သည်။ (သြဘာသံများ)

**ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား ကိုယ်စားလှယ် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန်အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်း နဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေ ကြမ်းအား အတည်ပြုဖို့ အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ရုပ်သိမ်းဖို့ တင်သွင်းခဲ့တဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေဟာ ယခင် နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၂နဲ့ ၂၀၀၂ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပြီးတော့ အခု ၂၀၀၈ခုနှစ် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မန္တလေးတိုင်းဒေသကြီး လွှတ်တော်က မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်လို့ ရုပ်သိမ်းဖို့အတွက် ဒီအဆိုကို ဥပဒေကြမ်းကို တင်သွင်းခဲ့ရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးမြို့တော် စည်ပင် သာယာရေး ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေး

ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး မှ အဆိုတင်သွင်းခြင်းကို လေးနက်စွာ ထောက်ခံပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မန္တလေး မြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည် ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် (၃၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ရုပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၅)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၀း၃၂ နာရီအချိန်တွင် ရုပ်နားပါသည်။]